
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 5583-5602)
စာစဉ် – ၂၈၀

## အပိုင်း ( ၅၅၈၃ )

*

ချင်းချန် သူ၏ရှေ့တွင်ရှိသော ဝင်ပေါက်ဝဲကတော့ကြီးကို ကြည့်ရှုနေ၏။

ထိုဝင်ပေါက်ဝဲကတော့ကြီးက အခြားတစ်ဖက်နှင့် ဆက်စပ်နေသည်။

ထိုဝဲကတော့ကြီးမှာ မဲနက်နေသော်လည်း ဝဲကတော့ထဲ၌ ရေတစ်စက်ကိုမှ ချင်းချန်တွေ့ရခြင်းမရှိပေ။

ဤဝဲကတော့ကြီးက ပကတိလေဟာနယ် ဟင်းလင်းပြင်တစ်ခုတည်းဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၏။

အသေအချာ ရှင်းရှင်းလင်းလင်း ပြောရလျှင် ဤဝဲကတော့ကြီးက အလွန်ထူးဆန်းပြီး အောက်ခြေကိုမမြင်ရသော မှောင်မိုက်သည့် ရေတွင်းကြီးတစ်ခုနှင့် တူညီသည်။

ထိုရေတွင်းထဲတွင် ကြောက်စရာကောင်းသော ဟင်းလင်းပြင်ရဏ်းများ ကလဲ စီးဆင်းနေ၏။

ထိုဟင်းလင်းပြင်ရဏ်း တစ်ခုချင်းစီက သန်မာသော အရှိန်အဝါများကို ထုတ်ဖော်နေပြီး အစီအရင်၏ ဆုံမှတ်များစွာကို ထိန်းချုပ်ထားသည်။

ချင်းချန် ကိုယ်တိုင်တောင်မှ ၎င်းအထဲသို့ အတင်းအကြပ် ဝင်ရောက်သွား

မည်ဆိုလျှင် ခံနိုင်ရည်ရှိမည် မဟုတ်ချေ။

ဤကြောက်စရာကောင်းသော ဟင်းလင်းပြင်စွမ်းအားအောက်၌ သေဆုံးသွားနိုင်၏။

" ဒါက နိယာမတွေကို ကျော်ဖြတ်သွားတဲ့ စွမ်းအားနဲ့ ဖွဲ့စည်းထားတယ်ဆိုတာ သေချာတယ် "

ချင်းချန် ကြယ်သုံးပွင့်နိဗ္ဗာန် အထွတ်အထိပ်အဆင့် ကျင့်ကြံသူတစ်ယောက်၏ စွမ်းအားနှင့် ကြုံတွေ့လျှင်တောင်မှ သူ့ကိုဤကဲ့သို့ ခြိမ်းခြောက်နိုင်စွမ်း မရှိဘူးဆိုတာ သေချာသည်။

အဘယ့်ကြောင့်ဆိုသော် သူ၏ဟင်းလင်းပြင်တာအိုစွမ်းအားက အလွန်အားကောင်းလာသောကြောင့်ဖြစ်၏။

လက်ရှိ ဤဝဲကတော့ကြီးက သူ့ကိုခြိမ်းခြောက်နိုင်စွမ်း ရှိနေသဖြင့် နိဗ္ဗာန်အဆင့်စွမ်းအား ကျင့်ကြံသူများ ပြုလုပ်ထားသည်မှာ လုံးဝမဖြစ်နိုင်ချေ။

" သခင် ဒါက ပင်လယ်သေတားမြစ်နယ်မြေရဲ့ ဝင်ပေါက်ပဲ၊ ဒါပေမဲ့ ဝင်ပေါက်က ပိတ်နေတုန်းပဲရှိသေးတယ်၊ မကြာခင် ဝင်ပေါက်ကိုဖွင့်ဖို့အတွက် အချိန်ရောက်လာတော့မှာပါ "

နတ်ဆိုးအိုကြီးရွှမ်ဇီက ချင်းချန်ကို အနီးကပ်ကာ ရှင်းပြလိုက်သည်။

" အိုး "

ချင်းချန် ခေါင်းညိတ်လိုက်၏။

သို့သော် လက်ရှိဤနေရာတွင်ရှိနေသော ဝဲကတော့ကြီး၏စွမ်းအားက အနည်းဆုံး အင်ပါယာအဆင့် ကျင့်ကြံသူတစ်ယောက် ဖန်တီးထားသည့် ဝဲကတော့ဖြစ်မည်မှာ ကျိန်းသေသည်။ လက်ရှိရှိနေသော လူများအားလုံး၏ ကျင့်ကြံအဆင့်ဖြင့် မည်ကဲ့သို့ ဝင်ရောက်နိုင်မည်နည်း။

ချင်းချန်၏ သံသယများကို သိနေသည့်ပုံစံဖြင့် နတ်ဆိုးအိုကြီးရှမ်ဇီက ချက်ချင်းပင်ရှင်းပြ၏။

" သခင် ကျွန်တော်တို့ဒီနေရာကို သေချာလေ့လာပြီးပြီ၊ ဒီဝဲကတော့ကြီးက ကျွန်တော်တို့တစ္ဆေကျင့်ကြံသူတွေရဲ့စွမ်းအားတွေကို ဝါးမြိုနိုင်စွမ်းရှိတယ်၊ ဝိညာဥ်စွမ်းအား ဝင်ရောက်လာတာနဲ့ ဝဲကတော့ရဲ့ ဟင်းလင်းပြင်စွမ်းအားကလဲ လျော့နည်းသွားတော့တာပဲ၊ အဲ့တာကြောင့် တားမြစ်နယ်မြေကို ဖွင့်ချိန်တန်တာနဲ့ အကုန်လုံးက စုဆောင်းထားတဲ့ ဝိညာဥ်တွေကို ဒီဝဲကတော့ကြီးထဲ ပေါင်းစပ်ဖို့လုပ်ကြမှာပါ "

ထိုသို့ပြောရင်း နတ်ဆိုးအိုကြီးရှမ်ဇီ၏ လေသံထဲတွင် စိတ်လှုပ်ရှားမှုများ ထွက်ပေါ်လာခဲ့သည်။

စွန့်ပစ်နယ်မြေ၏ နယ်မြေခေါင်းဆောင်များအကုန်လုံးက ဤအခိုက်အတန့်ကို စောင့်နေကြခြင်းလည်းဖြစ်၏။

" ဝိညာဥ်တွေနဲ့ ဒီဝဲကတော့ကိုဖွင့်မှာ "

ချင်းချန် ဝဲကတော့ကြီးကို ထပ်မံ၍ သေချာစိုက်ကြည့်လိုက်သည်။ ထိုသို့ကြည့်လိုက်သည်နှင့် သူ၏ရင်ထဲ၌ ထူးဆန်းသော ခံစားချက်တစ်ခု ထွက်ပေါ်လာ၏။

ထိုခံစားချက်က အမည်မသိ ခံစားချက်ဖြစ်ပြီး ဘာလဲဆိုတာ ရှင်းပြ၍မရချေ။ သို့သော် ဤဝဲကတော့ကြီးက စိတ်ဝိညာဥ်များကို ဝါးမြိုသည်ဆိုတာကတော့ ချင်းချန်ကိုတော်တော်လေး အံ့အားသင့်စေသည်။

ကိစ္စမရှိပေ။ ထိုအရာက ဘာပဲဖြစ်ပါစေ နောက်ပိုင်း၌ သိလာမည်ဖြစ်၏။

" ကြည့်ရတာ ညီအစ်ကိုက စွန့်ပစ်နယ်မြေကို အကျဥ်းကျလာတဲ့ နောက်ဆုံးလူတစ်ယောက် ဖြစ်မယ်ထင်တယ် "

ချင်းချန် တွေးနေသည့်အချိန်မှာပင် ကျယ်လောင်သော ရယ်မောသံတစ်ခု ထွက်ပေါ်လာပြီး မြို့သခင်ဂျန်မင်က သူ့အနားသို့ ရယ်ကာမောကာဖြင့် ရောက်လာသည်။

သူ၏မျက်နှာတွင် နွေးထွေးသော အပြုံးများကရှိပြီး ချင်းချန်ကိုကြည့်နေ၏။

သို့သော် သူအနားရောက်လာသည်နှင့် ချင်းချန်က နဂါးနက်ဘိုးဘေးတို့ ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ တစ်ချိန်တည်းမှာပင် သူက ပြုံးကာ လက်သီးနှင့်လက်ဝါး ထိကပ်လိုက်ပြီး နဂါးနက်ဘိုးဘေးကို နှုတ်ဆက်လိုက်၏။

"ညီအစ်ကိုနဂါးနက်တို့အားလုံး အဆင်ပြေကြရဲ့လား "

" သရဲနန်းတော်ကနေ ခွဲခွာပြီးနောက် အခုပြန်ဆုံကြရပြီ "

မြို့သခင်ဂျန်မင် ချင်းချန်၏အနောက်တွင် အေးခဲကာကျန်ခဲ့သလို ဘေးနားတွင်ရှိသော အရိပ်မိစ္ဆာ၏ မျက်လုံးများကလည်း အေးစက်သွားသည်။

" အရှင်ငရဲနတ်ဘုရား၊ ညီအစ်ကိုရွှမ်ဇီ၊ ညီအစ်ကိုသွေးမိစ္ဆာနဲ့ အစ်ကိုဝမ် ကူကို ဂါရဝပြုပါတယ် "

နဂါးနက်ဘိုးဘေးတို့ အကုန်လုံးကလည်း ပြန်လည်ကာ နှုတ်ဆက်လိုက် ကြ၏။

" အမ် .. ညီအစ်ကိုနဂါးနက် ဒီနေရာမှာရှိတဲ့ လူတွေအကုန်လုံးက သရဲ နန်းတော်မှာ တွေ့ခဲ့တဲ့လူတွေ အကုန်စုစည်းနေတာ မဟုတ်ဘူးလား၊ ငါ မရဏာစမ်းရေပေးချိန် လူဦးရေက ဒီထက်ပိုများတာ မှတ်မိပါသေးတယ် ဘာလို့ဒီလောက်ပဲ ကျန်တော့တာလဲ "

ထိုစကားကြားလျှင် နဂါးနက်ဘိုးဘေး၏ မျက်လုံးများက မှုန်မှိုင်းသွား

သည်။

" အရှင်ငရဲနတ်ဘုရား ငါတို့ထွက်ခွာသွားပြီး တစ်ယောက်နဲ့တစ်ယောက် လမ်းတစ်ဝက်မှာခွဲခွာလို့ ကိုယ့်နယ်မြေကိုယ်ပြန်ပြီး ကျင့်ကြံနေကြတာ အခုမှပြန်တွေ့ကြတာပဲ၊ အခြားလူတွေတော့ ဘယ်ရောက်သွားလဲ တကယ်ပဲမသိဘူး "

ထိုသို့ပြောရင်း နဂါးနက်ဘိုးဘေး၏ မျက်လုံးထဲတွင် ဒေါသတရားများက ရှိနေခဲ့၏။

သူတို့၏အဖွဲ့ တစ်ဝက်ခန့်ပျောက်ဆုံးသွားခြင်းကို သူ၏စိတ်ထဲတွင် တစ်စုံတစ်ခု ထူးဆန်းနေသလို ခံစားနေရသည်။

" သူတို့ မတော်တဆ ကြုံတွေ့ခဲ့တာများလား "

ချင်းချန်၏မျက်လုံးက ချက်ချင်းအေးစက်သွားပြီး အခြားနယ်မြေခေါင်းဆောင်များကို လှည့်ကြည့်လိုက်၏။

" အဲ့ဒီနေ့က သရဲနန်းတော်မှာရှိနေတဲ့ နယ်မြေခေါင်းဆောင်တွေ အကုန်လုံးက ဒီငရဲနတ်ဘုရားရဲ့ မိတ်ဆွေတွေပဲ၊ သူတို့တွေမင်းတို့ကြောင့် တစ်စုံတစ်ခု ဒုက္ခရောက်သွားတယ်ဆိုရင် ငါ့ကိုရိုင်းစိုင်းတယ်ဆိုပြီးတော့ အပြစ်မတင်နဲ့ "

" ဒီကောင်... "

ချင်းချန်၏ မောက်မာသောစကားနှင့် အမူအရာကြောင့် ကျန်နယ်မြေခေါင်းဆောင်များအားလုံး ဒေါသထွက်သွားသည်။

ဤကောင်က သူ့ကိုယ်သူ စွန့်ပစ်နယ်မြေ၏ခေါင်းဆောင်ဟု ထင်မှတ်နေသည်လား။

ဆန့်ကျင်ဘက်အနေဖြင့် နဂါးနက်ဘိုးဘေးနှင့် ကျန်သူများအားလုံးက ထို

စကားကြောင့် ရင်ထဲတွင် နွေးထွေးသွားကြ၏။

" ကောင်လေး တော်တော်လေးကို လေသံကတော့ ကျယ်တာပဲ၊ မသိတဲ့ လူတွေဆိုရင် မင်းကို ငါတို့အားလုံးရဲ့ ခေါင်းဆောင်တွေလို့ ထင်နေကြလိမ့်မယ် "

" ငရဲနတ်ဘုရား ဟုတ်လား ဘယ်လောက်တောင် တင်စီးလိုက်တဲ့နာမည်လဲ "

သွားကြီးသရဲ မဲ့ကာရွဲ့ကာဖြင့် ပြောလိုက်သည်။

သို့သော် သူစကားဆုံးသည်နှင့် အရိုးဘိုးဘေးက ရိပ်ခနဲလှုပ်ရှားသွားပြီဖြစ်၏။

ကြောက်စရာကောင်းသော သတ်ဖြတ်ခြင်းဆန္ဒက မီးတောင်တစ်ခုလို ပေါက်ကွဲထွက်လာပြီး မရဏတံစဉ်က လက်ထဲတွင် ထွက်ပေါ်လာသည်။ ထို့နောက် အုန်းဆိုသည့် ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ မရဏတံစဥ့်၏ ခုတ်ပိုင်းချက်အောက်၌ လေဟာနယ်က နှစ်ခြမ်းကွဲထွက်သွား၏။

အဆုံးမဲ့သော သတ်ဖြတ်ခြင်းစွမ်းအား ပါဝင်သည့် အလင်းတန်းတစ်ခုက သွားကြီးသရဲထံသို့ ချက်ချင်းရောက်ရှိလာသည်။

" မကောင်းတော့ဘူး "

သွားကြီးသရဲ ချက်ချင်းပင် သူ၏ဒိုမိန်းနယ်မြေကို ထုတ်ဖော်လိုက်ပြီး တစ်ဖက်လူ၏ ခုတ်ပိုင်းချက်ကို ခုခံ၏။ မရဏအရိုးဘိုးဘေးဝမ်ကူက သူ့ကို ယခုလိုမျိုး ချက်ချင်းတိုက်ခိုက်လာမည်ဟု လုံးဝမထင်မှတ်ထားပေ။

သို့သော် သူ၏ဒိုမိန်းနယ်မြေကို အပြည့်အဝ မထုတ်ဖော်နိုင်ခင်မှာပင် မရဏအရိုးဘိုးဘေး တံစဥ့်ခုတ်ပိုင်းချက်အောက်၌ ကွဲအက်နေသော ဖန်ခွက်တစ်ခုလို ဒိုမိန်းက လျင်မြန်စွာ ပျက်စီးသွားသည်။

ကြောက်စရာကောင်းသော တံစဥ့်အလင်းတန်းက သူ၏ဦးခေါင်းဆီသို့ လျှင်မြန်သောအရှိန်နှင့်အတူ တိုးဝင်လာတော့၏။

" ဟမ့် တော်တော်လေးကို မောက်မာနေကြတာပဲ "

ထောင်နက်သခင် အေးစက်စွာ ပြောလိုက်ပြီး ရိပ်ခနဲ ပျောက်ကွယ်သွားကာ သွားကြီးသရဲ၏အရှေ့တွင် ထွက်ပေါ်လာသည်။ ထို့နောက် သူ၏ခန္ဓာကိုယ်က ကြီးကျယ်ခမ်းနားသော စွမ်းအားများက ရှေးဟောင်းနတ်ဆိုးသားရဲတစ်ကောင် အိပ်ပျော်နေရာမှ နိုးထလာသကဲ့သို့ ပေါက်ကွဲထွက်လာ၏။

***

အပိုင်း ( ၅၅၈၄ )

*

ထောင်နက်သခင် လက်သီးကိုမြှောက်ကာ မရဏတံစဥ့်ကို ထိုးချလိုက်၏။

လက်သီးနှင့်တံစဥ့်က ထိပ်တိုက်တွေ့ဆုံသွားပြီး ကြီးမားသော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။

ပေါက်ကွဲမှုလှိုင်းလုံးများက သာမန်မျက်စိဖြင့် မြင်နိုင်သော အရှိန်နှုန်းဖြင့် အရပ်မျက်နှာအနှံ့ကို ပျံ့နှံ့သွား၏။ ထို့နောက် သူတို့နှစ်ယောက်၏ ထိပ်တိုက်တွေ့ဆုံမှုကို ဗဟိုပြု၍ လေဟာနယ်အက်ကွဲကြောင်းဇုန်တစ်ခုက ဖြစ်ပေါ်လာခဲ့သည်။

" ဖုန်း "

ပေါက်ကွဲမှု၏ ဖိအားအောက်တွင် ထောင်နက်သခင်က ခြေတစ်လှမ်းဆုတ်လိုက်ရပြီး မျက်လုံးတွင် အေးစက်သော အလင်းတန်းများ လင်းလက်လာ၏။

" ကောင်လေးမင်းက ဒီဘိုးဘေးရဲ့ တိုက်ခိုက်မှုကိုတောင် ဝင်ပြီးပါရဲတယ်ပေါ့ တော်တော်သတ္တိကောင်းတာပဲ "

မရဏအရိုးဘိုးဘေးဝမ်ကူ သူ၏မျက်ခုံးကို ပင့်တင်လိုက်ပြီး အရှိန်အဝါက ပို၍ မြင့်တက်သွားကာ တံစဥ့်ကိုမြှောက်၍ ထပ်မခုတ်ပိုင်းရန်

ကြံရွယ်သည်။

" ညီအစ်ကိုတို့ ခဏစောင့်ပါဦး "

ထိုအချိန်တွင် သူတို့နှစ်ယောက်ကြား၌ လူနှစ်ယောက်က ထွက်ပေါ်လာ၏။

" လူတိုင်းက စွန့်ပစ်နယ်မြေရဲ့ နယ်မြေခေါင်းဆောင်တွေချည်းပဲ၊ အကုန်လုံး ဒီနေရာက ထွက်ခွာနိုင်ဖို့အတွက် လာပြီးစုရုံးနေကြတာလေ၊ ဘာလို့တိုက်ခိုက်နေကြမှာလဲ အားလုံးပဲ စိတ်အေးအေးထားကြပါ "

ဝင်ရောက်ပြောဆိုလိုက်သူက မြို့သခင်ဂျန်မင်ဖြစ်သည်။

" မင်းကဘယ်သူလဲ "

မရဏအရိုးဘိုးဘေးဝမ်ကူ မျက်မှောင်ကုပ်ကာ မေးလိုက်၏။

" ငါ့ကိုယ်ငါ မိတ်မဆက်ရသေးတဲ့အတွက် ခွင့်လွှတ်ပေးပါ၊ ငါကစွန့်ပစ်မြို့တော်ရဲ့ မြို့သခင်ဂျန်မင်ပဲ "

" စွန့်ပစ်မြို့တော်ရဲ့မြို့သခင် ဟုတ်လား "

မရဏအရိုးဘိုးဘေးဝမ်ကူ၏မျက်နှာတွင် လှောင်ပြုံးတစ်ခု ထွက်ပေါ်လာသည်။

" ငါမင်းကို မျက်နှာသာပေးဖို့ဆိုတာ မဖြစ်နိုင်တာတော့မဟုတ်ဘူး၊ ဒါပေမဲ့မင်းက စွန့်ပစ်မြို့တော်ရဲ့ မြို့သခင်ဆိုတော့ ဒီနယ်မြေမှာ အသန်မာဆုံးပဲမလား၊ စွန့်ပစ်နယ်မြေရဲ့ အသန်မာဆုံးသူက ဘယ်လောက်တောင် တန်ခိုးကြီးလဲဆိုတာ ငါလည်းတွေ့ချင်နေတာ "

ချက်ချင်းပင် ထောင်နက်သခင်ကို ခုတ်ပိုင်းချတော့မည့် မရဏတံစဉ့်က လမ်းကြောင်းပြောင်းသွားပြီး မြို့သခင်ဂျန်မင်၏ ဦးခေါင်းကို ခုတ်ချလိုက်၏။

မရဏာတံစဥ့်က လျှပ်စီးလက်သကဲ့သို့ အရှိန်ဖြင့် မြို့သခင်ဂျန်မင်၏ ဦးခေါင်းဆီသို့ တိုးဝင်လာတော့သည်။

တစ်ဖက်တွင် မြို့သခင်ဂျန်မင်၏ မျက်လုံးများ ကျဥ့်းမြောင်းသွားသည်။ မရဏာအရိုးဘိုးဘေး၏ စိတ်နေစိတ်ထားက ဤကဲ့သို့ ရှိမည်ဆိုတာကို သူလုံးဝ မထင်မှတ်ထားပေ။ စကားပင်ပြောခွင့်မပေးပဲ တိုက်ရိုက်တိုက်ခိုက်လာ၏။

သူတုံ့ပြန်ရန် ကြံရွယ်သည့်အချိန်တွင် မရဏာအရိုးဘိုးဘေး၏တံစဥ့်က သူ၏ဦးခေါင်းထက်သို့ ရောက်ရှိနေပြီဖြစ်သည်။

" အုန်း "

မရဏာတံစဥ့်တွင် ကြောက်စရာကောင်းသော သတ်ဖြတ်ခြင်းဆန္ဒများ ပါဝင်နေပြီး ဦးခေါင်းပေါ် မကျလာသေးခင်မှာပင် မြို့သခင်ဂျန်မင် အန္တရာယ်အငွေ့အသက်ကို ခံစားနေရ၏။

ထို့ကြောင့် ဤဓားချက်ကို သူ့အနေဖြင့် သေချာခုခံမှ ဖြစ်မည်ဆိုတာ မြို့သခင် ဂျန်မင် နားလည်လိုက်သည်။

" ချီးပဲ "

သူ၏ လျှို့ဝှက်ချက် ပေါက်သွားမည်စိုးသဖြင့် ဤနေရာတွင် တိုက်ခိုက်ရန် ရည်ရွယ်ချက်မရှိချေ။ ယခုဖြစ်ရပ်က သူ့ကိုဘေးကြပ်နံကြပ် ဖြစ်သွားစေ၏။

ဤခြေနေမှ ရုန်းထွက်ရန်အတွက် သူနည်းလမ်းရှာရမည်ဖြစ်သည်။

အတွေးများနှင့်အတူ မြို့သခင်ဂျန်မင် အနက်ရောင်ဒိုင်းတစ်ခုကို ထုတ်ဖော်လိုက်ပြီး မရဏာတံစဥ့်ကို ခုခံလိုက်၏။

" ညီအစ်ကို ပြောစရာရှိရင် စကားပဲပြောကြတာပေါ့ တိုက်ခိုက်စရာမလို

ဘူး "

" အုန်း "

တံစဥ့်က အနက်ရောင်ဒိုင်းပေါ် ကျဆင်းသွားပြီး ကွဲအက်သံတစ်ခုက ထွက်ပေါ်လာသည်။

မရဏတံစဥ့်၏ ခုတ်ပိုင်းချက်အောက်တွင် အနက်ရောင်ဒိုင်းက တစ်စစီ ပေါက်ကွဲထွက်သွားပြီး မြို့သခင်ဂျန်မင်ကိုယ်တိုင်လည်း အင့်ခနဲညည်းတွား လိုက်ရကာ ပါးစပ်ထောင့်မှ သွေးများစီးကျလာ၏။

တစ်ချိန်တည်းမှာပင် ဤအကျိုးသက်ရောက်မှုကို အခွင့်ကောင်းယူပြီး မြို့သခင်ဂျန်မင် အနောက်သို့ လျင်မြန်စွာ ဆုတ်သွားသည်။ သူနှင့် မရဏအရိုးဘိုးဘေးကြား အကွာအဝေးတစ်ခုကို ခွဲခြားထားရန် ကြိုးစားလိုက်ခြင်း လည်းဖြစ်၏။

" ဟား .. ဟား ငါ့အနေနဲ့ မင်းကိုဘာမှ ပြောစရာမရှိဘူး၊ ငါ့ဘဝမှာ အလေးစားဆုံးအရာတွေက ခွန်အားရှိတဲ့လူတွေပဲ၊ ငါအမုန်းဆုံးအရာ ကတော့ ဟန်ဆောင်မျက်နှာဖုံးနဲ့လူတွေ၊ မင်းကစွန့်ပစ်မြို့တော်ရဲ့ မြို့သခင် ဖြစ်တာကြောင့် ထူးခြားတဲ့ ကျင့်ကြံအဆင့်ရှိရမယ်၊ လာ ငါတို့လက်သီးနဲ့ စကားပြောကြရအောင် "

မရဏအရိုးဘိုးဘေးဝမ်ကူ တဟားဟားဖြင့် အော်ရယ်ကာပြောလိုက်ပြီး အလျင်အမြန်ပင် မြို့သခင်ဂျန်မင်အနောက်သို့လိုက်ကာ တိုက်ခိုက် တော့သည်။

စကားမဆုံးခင်ကတည်းက မရဏတံစဥ့်ကိုမြှောက်ကာ ခုတ်ပိုင်းချပြီးပြီ ဖြစ်၏။

ကြောက်စရာကောင်းသော တံစဥ့်ခုတ်ပိုင်းချက်က အရပ်မျက်နှာအနှံ့သို့

အက်ကြောင်းများ ဖြစ်ပေါ်နေစေသည်။

ထို့နောက် မရဏအရိုးဘိုးဘေး၏ ခန္ဓာကိုယ်ကိုဗဟိုပြု၍ ဆန်းကြယ်သော ဒိုမိန်းတစ်ခု ထွက်ပေါ်လာ၏။

" မရဏအရိုးဒိုမိန်း "

ငရဲမြစ်အင်ပါယာ၏ လက်အောက် မဟာဗိုလ်ချုပ်ခုနစ်ယောက်ထဲမှ တစ်ယောက်အနေဖြင့် သူ၏ကျင့်ကြံအဆင့်က ပြန်ကောင်းမွန်မလာသေးသော်လည်း ဒိုမိန်းနယ်မြေကို ထိန်းချုပ်နိုင်စွမ်းအားကတော့ ဤနေရာတွင်ရှိသော လူများအားလုံးထက် အများကြီးသန်မာသည်။

ထို့ကြောင့် သူ၏ဒိုမိန်းနယ်မြေ ထွက်ပေါ်လာသည်နှင့် လူတိုင်းက ခန္ဓာကိုယ်ကို တောင်တန်းကြီးများဖြင့် ဖိချေခံလိုက်ရသကဲ့သို့ ခံစားလိုက်ရ၏။ ထိုဒိုမိန်းနယ်မြေထဲသာ ရောက်ရှိသွားပါက သူတို့အားလုံး၏ခွန်အားကို တော်တော်လေး ဖိနှိပ်ခံရမည်ဖြစ်သည်။

" ဒီလူက အင်ပါယာလက်အောက် ဗိုလ်ချုပ်ခုနစ်ယောက်ထဲက တစ်ယောက်အဖြစ် တကယ်ကို ထိုက်တန်တယ် "

ထောင်နက်သခင်နှင့် ဘိုးဘေးယွမ်ဟွမ်တို့ မျက်လုံးများ ကျဥ်းမြောင်းသွားပြီး ရေရွတ်လိုက်ကြ၏။

ယခင်က သူတို့ချင်းချန်ကို ပြဿနာရှာရန် စဥ်းစားထားကြသည်။ ယခုတော့ မရဏအရိုးဘိုးဘေး၏ ခွန်အားကြောင့် လျှို့ဝှက်စွာ တုန်လှုပ်နေကြပြီဖြစ်၏။

ငရဲနတ်ဘုရားဆိုသောကောင်နှင့် ထိပ်တိုက်တွေ့ဆုံလိုလျှင် ဤမရဏအရိုးဘိုးဘေးဆိုသောကောင်ကို ဦးစွာဖမ်းဆီးရမည့်ပုံရသည်။

" အုန်း "

အရပ်မျက်နှာလေးခုလုံးကို မရဏအရိုးဘိုးဘေး၏ ဒိုမိန်းနယ်မြေက ဖုံးအုပ်ထားပြီး မြို့သခင်ဂျန်မင်ကို လုံးဝစကားပြောခွင့်မပေးပေ။ မရဏတံစဥ့်ကလဲ တောက်ပသော အနက်ရောင်အလင်းတန်းများနှင့်အတူ ဓားဝင်္ကပါတစ်ခုလို မြို့သခင်ဂျန်မင်ဆီ အရှူးအမူး ကျရောက်နေ၏။

" ဒီခွေးမသား တော်တော်လွန်နေပြီ "

မြို့သခင်ဂျန်မင် စိတ်ထဲမှ ဒေါသတကြီးဖြင့် ကျိန်ဆဲလိုက်သည်။

ယခုအချိန်၌ သူ မရဏအရိုးဘိုးဘေးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ပြုလုပ်ချင်နေ၏။ သို့သော် ထိုသို့ပြုလုပ်လိုက်သည်နှင့် သူကြီးမားသည့်ဒုက္ခကို ခံစားရမည်မှာ သေချာသည်။

ထို့ကြောင့် သတ်ဖြတ်ခြင်းဆန္ဒ မပါဝင်သော သူ၏ကိုယ်ပိုင်ဒိုမိန်းနယ်မြေကိုသာ အသက်သွင်းပြီး မရဏအရိုးဘိုးဘေး၏ဒိုမိန်းနှင့် ထိပ်တိုက်တွေ့ဆုံလိုက်၏။

" အုန်း "

နှစ်ယောက်လုံး၏ဒိုမိန်းက ထိပ်တိုက်တွေ့ဆုံသွားပြီး မြို့သခင်ဂျန်မင်၏ ဒိုမိန်းမှ အသံများထွက်ပေါ်လာသည်။

တစ်ဖက်တွင် မရဏအရိုးဘိုးဘေးဝမ်ကူ၏ ဒိုမိန်းနယ်မြေကလည်း အရှေ့သို့မတိုးနိုင်ပဲ ရပ်တန့်သွားခဲ့၏။

တစ်ချိန်တည်းမှာပင် အနက်ရောင်လက်အိတ်တစ်စုံက မြို့သခင်ဂျန်မင်၏ လက်နှစ်ဖက်၌ ထွက်ပေါ်လာပြီး အလင်းတန်းများ တောက်ပလာကာ ကောင်းကင်အနှံ့ ပြည့်နှက်နေသော တံစဥ့်ခုတ်ပိုင်းချက်များကို လက်ဝါးဖြင့် ပြန်လည်ရိုက်ထုတ်လိုက်သည်။

" အုန်း .. အုန်း .. အုန်း "

လက်ဝါးနှင့်ဓားရိုက်ချက်များ တအုန်းအုန်းဖြင့် အော်မြည်နေပြီး မြို့သခင်ဂျန်မင် အနောက်သို့ တဆုတ်တည်း ဆုတ်နေရ၏။ ခြေတစ်လှမ်းနောက်ဆုတ်လိုက်တိုင်း သူ၏မျက်နှာက ပို၍ဖြူဖျော့သွားသည်။ ဓားချက်အရာပေါင်းများစွာကို ထိပ်တိုက်တွေ့ဆုံ ခုခံပြီးနောက် သူကလည်း အနောက်သို့ခြေလှမ်းတစ်ရာခန့် ဆုတ်သွားနိုင်ခဲ့ပြီဖြစ်၏။

" ဟား .. ဟား .. ဟား မြို့သခင်ဂျန်မင် မင်းကတော်တော်လေး အစွမ်းထက်တာပဲ၊ အထွတ်အထိပ်ရတနာဖြစ်နေတဲ့ မရဏတံစဉ်နဲ့ တိုက်ခိုက်တာတောင်မှ ငါ့ရဲ့တိုက်ခိုက်မှုတွေကို အလွယ်တကူ တားဆီးနိုင်စွမ်းရှိနေတယ်၊ လက်ရှိမင်းရဲ့ခွန်အားက ဟိုနေရာမှာထိုင်နေတဲ့ လူနှစ်ယောက်ထက်တောင်မှ သာလွန်နေပြီလို့ငါထင်တယ် "

မရဏအရိုးဘိုးဘေးဝမ်ကူ ထောင်နက်သခင်နှင့် ဘိုးဘေးယွမ်ဟွမ်တို့ကို ကြည့်ကာ ပြောလိုက်သည်။

***